# ဒီမိုကရက်တစ်မြန်မာ့အသံ
# နိုင်ငံရေးအကျဉ်းသားများသတင်း
## ဇွန်လ – ၂၀၀၇

ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးရန် တိုင်ဝမ် အလုပ်သမားအဖွဲ့ တောင်းဆို ၁၈ ၊ ဇွန် ၊ ၂၀၀၇

အောင်လံ၌ ဒေါ်စု မွေးနေ့ပွဲကျင်းပသည့် အဖွဲ့ချုပ်ဝင်များအား ကြံ့ ဖွံ့မှ လေးဂွဖြင့် ပစ် ၁၉ ၊ ဇွန် ၊ ၂၀၀၇

တောင်ကုတ်မြို့၌ ကုန်ဈေးနှုန်း ကျဆင်းရေးအတွက် တကိုယ်တော် ဆန္ဒပြပွဲ ဖြစ်ပွား ၁၉ ၊ ဇွန် ၊ ၂၀၀၇

ဖမ်းခံနေရသည့် မဖြူဖြူသင်းအတွက် ရဲစခန်း၌ လူပျောက်မှုဖြင့် တိုင်ကြားရန် မိသားစု စီစဉ် ၂၀ ၊ ဇွန် ၊ ၂၀၀၇

ဒေါ်စု (၆၂) နှစ်ပြည့် မွေးနေ့ပွဲ လာသည့် ဒေါပုံ အဖွဲ့ချုပ် စည်းအဖွဲ့ဝင် (၃) ဦး ဖမ်းဆီးခံရ ၂၀ ၊ ဇွန် ၊ ၂၀၀၇

လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်၏ ခွဲစိပ်ကုသမှုအား ကြံ့ဖွံ့ ဝင်ရောက်အနှောက်အယှက်ပေး ၂၃ ၊ ဇွန် ၊ ၂၀၀၇

မဖြူဖြူသင်း အစာငတ်ခံ ဆန္ဒပြသည့် သတင်းအား ထုတ်ပြန်ပေးရန် အဖွဲ့ချုပ်မှ စစ်အစိုးရသို့ တောင်းဆို ၂၃ ၊ ဇွန် ၊ ၂၀၀၇

ဆုတောင်းပွဲပြုလုပ်၍ ဖမ်းဆီးခံရသူများ လွှတ်မြောက်ရေး ပြည်သူများ လက်မှတ်ထိုးတောင်းဆို ၂၄ ၊ ဇွန် ၊ ၂၀၀၇

ညီလာခံ မတက်ချင်၍ ပြန်လည်တောခိုလာသော တပ်ဖွဲ့အား ကြိုဆိုစဉ် ကရင်နီ တပ်သား (၄) ဦး ဖမ်းဆီးခံရ ၂၅ ၊ ဇွန် ၊ ၂၀၀၇

အစာငတ်ခံ ဆန္ဒပြနေသည့် မဖြူဖြူသင်းအတွက် မိသားစုနှင့် လုပ်ဖော်ကိုင်ဖက်များ စိုးရိမ် ၂၅ ၊ ဇွန် ၊ ၂၀၀၇

ရန်ကုန် မြို့တော်ခန်းမရှေ့၌ တစ်ကိုယ်တော်ဆန္ဒပြမှု ဖြစ်ပွား ၂၆ ၊ ဇွန် ၊ ၂၀၀၇

မဖြူဖြူသင်းအား ချက်ချင်းလွှတ်ပေးရန် အဖွဲ့ချုပ် ထပ်မံတောင်းဆို ၂၈ ၊ ဇွန် ၊ ၂၀၀၇

ဒေါ်စုလွှတ်မြောက်ရေး ဆုတောင်းပွဲလုပ်၍ ဖမ်းဆီးခံရသူ (၄၀) ကျော် ပြန်လည် လွှတ်မြောက် ၂၈ ၊ ဇွန် ၊ ၂၀၀၇

## ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးရန် တိုင်ဝမ် အလုပ်သမားအဖွဲ့ တောင်းဆို

*၁၈ ၊ ဇွန် ၊ ၂၀၀၇*

ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဖမ်းဆီးခံ ဒီမိုကရေစီအရေး လှုပ်ရှားသူများကို ပြန်လွှတ်ပေးရန် တိုင်ဝမ် အလုပ်သမားအဖွဲ့ တခုဖြစ်သည့် The Taiwan Labour Front (TLF) အဖွဲ့မှ တောင်းဆိုလိုက်ကြောင်း တိုင်ပေမှလာသည့် CNA သတင်းတွင် ရေးသားထားပါသည် ။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်း တခုလုံးမှ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရန် တောင်းဆိုနေသည့် ကြားမှ နောက်ထပ် အကျယ်ချုပ် (၁) နှစ် ထပ်တိုးလိုက်သည်မှာ မြန်မာစစ်အစိုးရဘက်မှ နိုင်ငံတကာ အသိုင်းအဝိုင်းကို အံတုခြင်း ဖြစ်သည်ဟု TLF အဖွဲ့ဝင်များမှ ပြောပါသည် ။

ထို့ကြောင့် ၎င်းတို့ အဖွဲ့အနေနှင့် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေး လက်မှတ်ရေးထိုး တောင်းဆိုမှုများကို ပြီးသည့် (၂၀၀၅) ခုနှစ်ကစ၍ တခြားတိုင်ဝမ် NGO များနှင့်အတူ ပူးပေါင်းလုပ်ဆောင်နေသည်ဟုဆိုပါသည် ။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံအကြောင်းကို တိုင်ဝမ်ပြည်သူများသာမက အင်ဒိုချိုင်းနားကျွန်းဆွယ် တခုလုံးကပါ သိရှိလာရေးအတွက် Free Aung San Suu Kyi ဟုအမည်ပေးထားသည့် ကပွဲတရပ်ကို ပြီးခဲ့သည့် တနင်္ဂနွေနေ့တွင် The Taiwan Labour Front (TLF) မှ ပြုလုပ်ခဲ့ကြောင်းလဲ တိုင်ပေမှ ပေးပို့သည့် CNA သတင်းတွင် ရေးသားထားပါသည် ။

**အစသို့**

---

## အောင်လံ၌ ဒေါ်စု မွေးနေ့ပွဲကျင်းပသည့် အဖွဲ့ချုပ်ဝင်များအား ကြံ့ ဖွံ့မှ လေးခွဖြင့် ပစ်

*၁၉ ၊ ဇွန် ၊ ၂၀၀၇*

မကွေးတိုင်း အောင်လံမြို့တွင် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ပွဲ အခမ်းအနား ကျင်းပခဲ့သည့် မြို့နယ် အဖွဲ့ချုပ်ဝင်များကို ကြံ့ခိုင်ဖွံ့ဖြိုးရေး အဖွဲ့ဝင်များမှ လောက်လေးခွများနှင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည် ။ ထို့ကြောင့် အောင်လံမြို့နယ် အဖွဲ့ချုပ် အတွင်းရေးမှူး ဒဏ်ရာ ရရှိသွားသည်ဟုလဲ သိရပသည် ။ အောင်လံမြို့တွင် ယနေ့ မွေးနေ့ပွဲ ကျင်းပခဲ့သည့် အဖွဲ့ချုပ်ဝင်များ လောက်လေးခွတွေနှင့် ပစ်ခတ်ခံခဲ့ရပုံကို မြို့နယ်အဖွဲ့ချုပ်ဝင် ဦးမြင့်မောင်က ယခုလို ပြောပြပါသည် ။

"အောင်လံမြို့မြောက်ပိုင်း မန်ကျည်းကုန်းရပ်ကွက်မှာရှိတဲ့ လယ်ပြင်ကျောင်းတိုက် ဆရာတော် ဦးနန္ဒသိန္ဒရဲ့ ကျောင်းမှာ ဆွမ်းကပ်အမျှအတမ်း ပေးဝေပြီးတော့ ငါးပါးသီလ ခံယူပါတယ် ။ အဲဒီကနေ ကျနော်တို့ အဖွဲ့ဝင်တွေ ဘုန်းကြီးကျောင်းကနေပြီးတော့ စတင် ထွက်ခွာတာပေ့ါ။ ထွက်ခွာလာတော့ ကျနော်တို့ အတွင်းရေးမှူး ဆရာဦးဝင်းမြင့်ကို ဘုန်းကြီးကျောင်းနဲ့ မလှမ်းမကမ်းပေ့ါ ။ မန်ကျည်းကုန်းရပ်ကွက် အောင်မင်္ဂလာလမ်းမှာ အဲဒီ လမ်းပေါက်ကနေပြီးတော့ လောက်လေးနဲ့ ပြောက်ကျားအင်္ကျီ ဝတ်ထားတဲ့ လူတယောက်ကနေ လူနှစ်ယောက်ကို ပစ်ဖို့ အမိန့်ပေးတယ် ။ ဒါပေမဲ့ အမိန့်ပေးခံရတဲ့ လူနှစ်ယောက် ထွက်ပြေးသွားတယ်။ ထွက်ပြေးသွားတော့ သူနဲ့ ကျန်တဲ့တယောက်ကနေပြီးတော့ ပစ်တာပေါ့နော်။ ပစ်တော့ ကျနော်တို့ အတွင်းရေးမှူး ဦးဝင်းမြင့်ရဲ့ ညာဘက်မျက်ခုံးရဲ့ အပေါ်နားမှာ ခမောက်ကို ဖောက်ပြီးတော့ မှန်သွားတယ်။ ခဲလေးတခုက မှန်သွားတယ်၊ ဒဏ်ရာကလဲ နက်တယ်။ ကျနော်တို့ ရဲစခန်းမှာ သွားပြီးတော့ အမှုဖွင့်တယ်။"

မည်သူတို့က ပစ်ခတ်ခဲ့သည် ဆိုတာကိုလဲ ၎င်းမှ ယခုလို ဆက်ပြောပါသည်။ "မန်ကျည်းကုန်း ကြံ့ဖွံ့ရဲ့ ရပ်ကွက်စည်းရုံးရေးမှူးလို့ ကျနော်တို့ ကြားသိရတယ်လေ။"

ထို့အပြင် အောင်လံ အဖွဲ့ချုပ်ဝင်များ၏ မော်တော်ဆိုင်ကယ် ဘီးများကိုလဲ ဖောက်ပစ်ခဲ့သည်ဟု ဆိုသည်။ ယခုလို ပစ်ခတ်မှုအတွက် မြို့နယ်ရဲစခန်းတွင် ပုဒ်မ (၃၇၇) နှင့် အမှုဖွင့် ထားသည်ဟုလဲ မြို့နယ် အဖွဲ့ချုပ်ဝင်များက ပြောပြကြပါသည် ။ အလားတူပင်စစ်ကိုင်းတိုင်း ရွှေဘိုမြို့တွင်လဲ အဖွဲ့ချုပ်မှ အခမ်းအနား ကျင်းပနေသည့်အိမ်ကို ကြံ့ဖွံ့အဖွဲ့ဝင်များမှ လေးခွများနှင့် ပစ်ခတ်ခဲ့ပါသည် ။ ရွှေဘိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးအောင်မျိုးမှ ယခုလို ပြောပြပါသည်။

"အခမ်းအနား ကျင်းပနေစဉ်မှာတော့ မိုးပေါ်ကနေပြီးတော့ လောက်လေးခွနဲ့ ဖန်ပေသီးတွေနဲ့ ပစ်တာတွေရှိတယ်။ နောက် အခမ်းအနား ပြီးတဲ့အခါမှာလဲ ကျနော်တို့ သွားရာ လမ်းတလျှောက်မှာ သံမှိုတွေပစ်ချလို့ အားလုံး ဘီးတွေလဲ ဘီးပေါက်၊ ဆိုင်ကယ်တွေလဲ ဘီးပေါက်။ အဲဒီလိုလေးတွေတော့ ရှိတာပေ့ါ။" အလားတူ ရန်ကုန်တိုင်း မြို့နယ်အချို့ အပါအဝင် တခြား မြို့နယ်များတွင်လဲ မွေးနေ့ပွဲ ကျင်းပသည့် အဖွဲ့ချုပ် ဝင်များကို ကြံ့ဖွံ့အဖွဲ့ဝင်များနှင့် အာဏာပိုင်များက နည်းမျိုးစုံဖြင့် နှောင့်ယှက်မှုများ ရှိခဲ့ကြောင်းလဲ သိရှိရပါသည် ။

**အစသို့**

---

## တောင်ကုတ်မြို့၌ ကုန်စျေးနှုန်း ကျဆင်းရေးအတွက် တကိုယ်တော် ဆန္ဒပြပွဲ ဖြစ်ပွား

*၁၉ ၊ ဇွန် ၊ ၂၀၀၇*

ရခိုင်ပြည်နယ် တောင်ကုတ်မြို့တွင် ကုန်စျေးနှုန်း ကျဆင်းရေးအတွက် လူငယ်တဦး တကိုယ်တော် ဆန္ဒပြခဲ့သည်ဟု သိရပါသည်။ အသက် (၂၅) နှစ် အရွယ်ရှိ ဗလကြီး ခေါ် မောင်ကျော်မင်းနိုင် ယနေ့ ဆန္ဒပြခဲသည်ကို မျက်မြင်တွေ့ရှိသူတဦးမှ ယခုလို ပြောခဲ့ပါသည် ။

"သုံးလေးငါးနာရီကပဲ သူက လမ်းထိပ် စျေးခွဆုံကလေ။ သူက ဆိုင်းဘုတ်ကလေး ကိုင်ပြီးတော့ ထိုင်ပြီးတော့ ပြနေတာပါ။ ကုန်စျေးနှုန်း ကျဆင်းရေးရယ်၊ နောက်ပြီးတော့ အလုပ်အကိုင် ရှာဖွေရေးရယ်၊ အောက်ခြေလူတန်းစားဘဝကို အခက်အခဲ ဖြေရှင်းပေးဖို့ အဲဒါပြောထားတယ်၊ သူက သုံးချက် ရေးထားတယ်။ နောက်ပိုင်းတော့ စျေးက တော်တော်စည်ကားလာတယ်ပေါ့ ။ လူက တော်တော်များလာတယ်ပေါ့ ။ စိတ်ဝင်စားလို့ လူတိုင်းလူတိုင်းက လာကြည့်ကြတယ် ။ အဲဒီနားမှာရှိတဲ့ မုန့်ဟင်းခါးဆိုင်တို့၊ လက်ဖက်ရည်ဆိုင်တို့ လူတွေကအများကြီးပဲ ပလက်ဖောင်းကနေလာပြီး ထိုင်ကြည့်နေကြတာပေါ့ အများကြီးပဲ ။ လေးခွဆုံဖြစ်တော့ အဲဒီနေရာက အစည်ဆုံးပဲလေ အဲဒီ တောင်ကုတ်မြို့မှာက အခုတော့ ပြောသံတော့ မကြားသေးဘူး ။ သူ ဆေးရုံဘက်တို့ ကားဂိတ်ဝင်းတို့လဲ သွားပြတယ်၊ ပြောသံကြားပါတယ်။"

ယနေ့ညနေပိုင်တွင် တကိုယ်တော် ဆန္ဒပြခဲ့သည့် မောင်ကျော်မင်းနိုင်သည် ယခုချိန်တွင် ပျောက်ဆုံးနေသည်ဟုလဲ သိရပါသည် ။ သူ အဖမ်းခံရတယ်၊ မခံရဘူးဆိုသည်ကို အသေအချာ မသိရသော်လဲ ၎င်း၏ ညီမဖြစ်သူနှင့် မိခင်အား အာဏာပိုင်များမှ ခေါ်ယူစစ်ဆေးနေသည်ဟုလဲ ဒေသခံများက ပြောပြကြပါသည် ။

**အစသို့**

---

## ဖမ်းခံနေရသည့် မဖြူဖြူသင်းအတွက် ရဲစခန်း၌ လူပျောက်မှုဖြင့် တိုင်ကြားရန် မိသားစု စီစဉ်

*၂၀ ၊ ဇွန် ၊ ၂၀၀၇*

ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းပွဲများကို ဦးဆောင်ပြုလုပ်ရင်း ဖမ်းဆီးခံနေရသော မဖြူဖြူသင်းအတွက် ရဲစခန်းတွင် လူပျောက်မှုနှင့် တိုင်ကြားရန် စီစဉ်နေသည်ဟု ၎င်း၏မိသားစုမှ ဒီဗွီဘီသို့ ပြောပြပါသည်။ ယခုလို တိုင်ကြားရန် စီစဉ်ရသည်နှင့် ပတ်သက်၍ မဖြူဖြူသင်း၏အစ်မ မစံပယ်ဦးမှ ယခုလို ရှင်းပြပါသည် ။

"အခု လောလောဆယ်တော့ ကျမတို့က လူပျောက်နဲ့ အရင်ဆုံးတိုင်ရမှာပေါ့နော် အခုက တလပြည့်ပြီဆိုတော့လေ။ သူတို့ဆီကိုလဲ ကျမတို့ ဟိုတလောကလဲ သွားပြီး မေးတယ်လေ။ ကျိုက္ကဆံ သွားမေးတဲ့အခါကျတော့ သူတို့တွေဆီမှာလဲ မရှိပါဘူးတဲ့။ အဲဒါဆို မရှိဘူး ဆိုလို့ရှိရင်တော့ ကျမတို့ကို ရှိတဲ့နေရာလေးကို လမ်းညွှန်ပေးပါဆိုတော့ ရှိတဲ့နေရာကိုလဲ လမ်းမညွှန်နိုင်ပါဘူးတဲ့။ ဆိုတဲ့အခါကျတော့ ကျမတို့က ကြားထဲမှာ လူပျောက်နေသလို ဖြစ်နေတာပေါ့နော် ။ ဘာမှလဲ အကျိုးအကြောင်း သတင်းကလဲ မကြားတဲ့အခါကျတော့ ကျမတို့က လူပျောက်အနေနဲ့ အရင်ဆုံးတိုင်ပြီးတဲ့ အခါကျတော့မှ တရားရုံးတွေ ဘာတွေ သွားပြီးတော့ လိုအပ်သလို အမှုဖွင့်ရင်လဲ ဖွင့်ရမှာပေါ့။"

ညီမဖြစ်သူ မဖြူဖြူသင်းအတွက် မိသားစုဝင်အားလုံးမှ စိုးရိမ်နေကြပုံကိုလဲ ယခုလို ဆက်လက်ပြောပြပါသည် ။ "စိတ်ပူတယ်။ ကျမလဲ ဟိုတနေ့က သွားပြီးတော့ ပြောပါတယ်။ ကိုယ့်ညီမလေးကို ကျွေးလဲကျွေးချင်ပါတယ်။ ဘယ်မှာရှိတယ်ဆိုတာ သိချင်ပါတယ်။ စိတ်လဲ တအားပူနေပါတယ်။ နောက်ပြီး ကျမ ညီမကလဲ အပျိုလေးတယောက် ဖြစ်တဲ့အတွက် ခေါ်သွားပြီးတဲ့အခါမှာ ဘယ်နားမှာ ချခဲ့လို ချခဲ့မှန်းလဲ မသိရဘူးလို့ တကယ်ရှိတယ် ဆိုရင်လဲ သက်ရှိထင်ရှား ရှိနေတယ်။ ကျန်းမာရေးလဲ ကောင်းတယ် ဆိုတဲ့ဟာလေးကို ကျမတို့ သိချင်ပါတယ် ။ ဒါမှမဟုတ်လို့ရှိရင်လဲ တရားဥပဒေကြောင်းအရ တရားစွဲမယ်ဆိုလဲ စွဲပါ။ ရုံးထုတ်လို့ရှိရင် ကျမတို့က ကိုယ့်လူကိုယ် ကိုယ်ပြန်မြင်ရတယ် လို့ ကျမတို့ကအခုဟာ ရုံးလဲမထုတ်ဘူး။ တရားလဲမစွဲဘူး၊ ဘာမှ မလုပ်ဘူး ဆိုတဲ့အခါကျတော့ ကျမတို့က ဘာမှကို လိုက်လို့မရဘူးလို ဖြစ်နေပါတယ်။ ကျမတို့လဲ အတတ်နိုင်ဆုံး စုံစမ်းပြီးတော့ ကျမတို့အိမ်ကို အကြောင်းကြားပေးပါ ကျမတို့ မျှော်နေပါ့မယ် ။ ကျမတို့တင် မဟုတ်ဘူး။ အခု အဖမ်းခံရတဲ့ မိသားစုတွေ အကုန်လုံး အတတ်နိုင်ဆုံး အကြောင်းကြားပေးပါဆိုပြီး သူတို့ကို မေတ္တာရပ်ခံခဲ့ပါသေးတယ်။ သူတို့ဆီက ဘာသံမှလဲ ထပ်ပြီးတော့ မကြားဘူး ။ ဆက်လဲ ဆက်သွယ်မလာဘူး ။"ဟုအဖမ်းခံနေရသော မဖြူဖြူသင်း၏ အခြေအနေအား အစ်မဖြစ်သူ မစံပယ်ဦးမှ ပြောပြသွားပါသည် ။

ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး မေလလှုပ်ရှားမှုအတွင်း အဖမ်းခံရသူ အဖွဲ့ချုပ်ဝင် စုစုပေါင်း (၅၂) ဦး ဆက်လက်အဖမ်းဆီးခံနေရဆဲ ဖြစ်သည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ ဦးမြင့်သိန်းမှ ပြောပါတယ် ။ ယင်းအထဲတွင် စမ်းချောင်းမြို့နယ် အဖွဲ့ချုပ်ဝင် ဒေါ်ရှု အား မှော်ဘီအမှတ် (၃) ရဲတပ်ရင်းတွင်

ထိန်းသိမ်းထားသည့်အတွက် သွားရောက်တွေ့ဆုံနိုင်သည်ဟု ၎င်းမိသားစုထံ သွားရောက် အကြောင်းကြားခဲ့သည်ဟုသိရပါတယ်။ ပြီးခဲ့သည့် သောကြာနေ့တွင် တယ်လီဖုန်းနှင့် ဆက်သွယ် အကြောင်းကြားလာခြင်းဖြစ်ပြီး၊ တကယ် သွားတွေ့သည့်အခါ တွေ့ခွင့်မရခဲ့ဘူးဟု ဆိုပါသည် ။ ယင်းကိစ္စနှင့် ပတ်သက်၍ ဒေါ်ရှု ၏ မိသားစုဝင်တဦးမှ ယခုလို ပြောပြပါသည် ။

"လှမ်းပြီးတော့ အကြောင်းကြားတာတော့ သူတို့က နာမည်တော့ မပြောဘူးလေ။ အမှတ် (၃) ရဲတပ်ရင်း မှော်ဘီလို့ ပြောတယ် ။ သူတို့က အဲဒီမှာရှိတယ်တဲ့ သွားတွေ့လို့ ရတယ်ဆိုတာနဲ့ ကျနော်တို့ကို လှမ်းပြီး အကြောင်းကြားတယ်။ သူ့နာမည် ဘာခေါ်တယ်။ ဘာညာလို့ မပြောဘူး။ အဲဒါတော့ မပြောဘူးတဲ့၊ အဲဒီမှာရှိတယ် သွားတွေ့လို့ရရင် သွားတွေ့လိုက်ဆိုပြီးတော့ ကျနော်တို့ အကြောင်းကြားလို့ သွားတွေ့တာ။ ကျနော်တို့ ရောက်သွားတော့ ဂိတ်က တပ်ကြပ်ကြီးတယောက်ကတော့ သူက မသိဘူးပေါ့။ အသက်ခပ်ကြီးကြီး အဖိုးကြီး အိုမင်းမစွမ်းနဲ့ အဲဒီအဖိုးကြီးက သော့ဖွင့်ပေးတယ်။ ကျနော်တို့ကားက ချက်ခြင်းမောင်းဝင်သွားလိုက်တယ် ။ မောင်းဝင်သွားတော့ ဗဟိုကင်းရှေ့ကျတော့ ကျနော်တို့က ရပ်ပြီးတော့ အဲဒီမှာ သုံးပွင့်နဲ့ သူတို့ခေါ်တော့ ရဲဗိုလ်ကြီး ခေါ်မှာပေါ့ ။ သူ့ကို ကျနော်တို့က စုံစမ်းကြည့်တဲ့ အခါကျတော့ သူတို့က ဒီမှာမထားပါဘူးတဲ့၊ ဒီဥစ္စာ ရဲရုံးချိန်းတဲ့ ဟိုဒင်းတွေပဲ ထားတာပါတဲ့။ ဒါပေမဲ့ ကျနော်တို့ကားကိုတော့ ဟိုဘက်ကနေ ပြန်ကွေ့မယ်ဆိုတော့ အကွေ့မခံဘူး ဘက်ဆုတ်ပြီး ပြန်ထွက်သွားပါတဲ့။ အထွက်မခံဘဲနဲ့ ကျနော်တို့ ကားနံပါတ်တွေ မှတ်ထားလိုက်ပြီးတော့ နောက်ဆုတ်ပြီး ပြန်ထွက်သွားပါဆိုပြီးတော့ ရှေ့ကနေ ပိတ်ရပ်ထားတယ်။"

အလားတူ ဝတ်ပြုဆုတောင်းရင်း အဖမ်းခံနေရသည့် လှိုင်သာယာမှ ဦးတင်ယုနှင့် ကိုသန့်ဇော်မြင့်တို့ သားအဖအတွက်လဲ မိသားစုဝင်များမှ စိတ်ပူနေကြပါသည် ။ "အဖေ့ ကျန်းမာရေး ညီမတို့က စိုးရိမ်တာ။ အဖေက အစာအိမ်လဲရှိတယ်။ သွေးတိုးလဲရှိတယ်။ မှီဝဲရတယ် အစ်မရေ၊ တနေ့ကို အစာအိမ်ဆေး (၄) ကြိမ်လောက် သောက်ရတယ်။ နောက် ခေါင်းကိုက်ရောဂါရှိတယ်။ အဖေက ဆေးဆို ဘာမှ ပါမသွားဘူး ။ မောင်ဆိုလဲ နားရောဂါ ရှိတယ်။ နား သိပ်မကောင်းချင်ဘူး မောင်လေးက၊ မောင်လေးအတွက်လဲ ညီမက အရမ်းစိုးရိမ်တာပဲ။ သတင်းတွေလဲ အစအန မရတော့ အခုဟာက လိုက်လို့ကို မဖြစ်တာ။ ညီမတို့က စိုးရိမ်တာက ညီမတို့အဖေ အထဲထဲမှာများ အခြေအနေကောင်းလား။ ကျန်းမာရေးလေး ကောင်းလား သိရရင် ညီမတို့က ကျေနပ်ပါတယ်။ အခုဆိုဘာမှကို ကြားကိုမကြားရတာ။" ဦးတင်ယု၏ သမီးမှပြောပြသွားပါသည် ။ ဖခင်ဖြစ်သူ ဦးတင်ယုသည် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ဝတ်ပြုဆုတောင်းရင်း အဖမ်းခံရခြင်းဖြစ်ပြီး၊ မောင်ဖြစ်သူ ကိုသန့်ဇော်မြင့်မှာ ကုန်ဈေးနှုန်း ကျဆင်းရေး ဆန္ဒပြရင်း ကိုထင်ကျော်တို့ အဖွဲ့နှင့်အတူ အဖမ်းခံရခြင်း ဖြစ်ပါသည် ။

အစသို့

## ဒေါ်စု (၆၂) နှစ်ပြည့် မွေးနေ့ပွဲလာသည့် ဒေါပုံ အဖွဲ့ချုပ် စည်းအဖွဲ့ဝင် (၃) ဦး ဖမ်းဆီးခံရ

*၂၀ ၊ ဇွန် ၊၂၀၀၇*

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ရုံးချုပ်တွင် မနေ့က ကျင်းပခဲ့သည့် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၂) နှစ်ပြည့် မွေးနေ့ပွဲသို့လာစဉ် ဒေါပုံမြို့နယ် အဖွဲ့ချုပ် စည်းအဖွဲ့ဝင် (၃) ဦးအား အာဏာပိုင်များမှ ဖမ်းဆီးခဲ့ပါသည် ။ သို့ပေမဲ့ ညနေပိုင်းတွင် ပြန်လွှတ်ပေးခဲ့ပါသည် ။ ၎င်း တို့အား စွမ်းအားရှင် အဖွဲ့မှ ဖမ်းဆီးခဲ့ပုံကို ဒေါပုံမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် စည်းအဖွဲ့ဝင် ဦးကြင်လှိုင်မှ ယခုလို ရှင်းပြပါသည် ။

"မနေ့က ကျနော်တို့က ဗိုလ်ထွန်းဇံရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်း သဗ္ဗာန်ဆိပ်ကနေ အခမ်းအနားသွားဖို့ သဗ္ဗာန်ကူးဖို့ စောင့်နေတာပေါ့လေ။ အဲဒီ သဗ္ဗာန်စောင့်နေတဲ့ အချိန်မှာ ကျနော်တို့ကို စွမ်းအားရှင်ဆိုတဲ့ လူ (၄၀၊ ၅၀) ခန့်က ကျနော် ဦးကြင်လှိုင်ရယ်၊ ကိုအုန်းကျော်ရယ်၊ ကိုစိန်လှိုင်ရယ်၊ ကျနော်တို့ (၃) ဦးကို အတင်း လက်တွေလာဆွဲပြီး ခင်ဗျားတို့ ခဏလိုက်ခဲ့ဆိုပြီး၊ ကျနော်က အဲဒီအချိန်မှာ မင်းတို့က ဘယ်ကလဲ မေးတော့။ မေးတော့ စွမ်းအားရှင်တွေတဲ့။ အဲဒါဆိုရင် ငါတို့ မလိုက်နိုင်ဘူး၊ မင်းတို့ တာဝန်ရှိတဲ့ အာဏာပိုင် အဖွဲ့အစည်းက ပုဂ္ဂိုလ်တယောက်ကိုခေါ်၊ ဒါဆို ငါတို့လိုက်မယ်။ အဲဒီတော့ သူတို့က မဟုတ်ဘူးတဲ့၊ ကျနော်တို့ ဗိုလ်ထွန်းဇံက ဓမ္မရုံမှာ စောင့်နေပါတယ်တဲ့။ ကျနော်တို့က– လိုက်လာရော၊ လိုက်လာတော့ ဗိုလ်ထွန်းဇံရော၊ ရယက ဥက္ကဌပေါ့။ ကျနော့်ကို မြင်တော့ သူက ပုန်းလိုက်တယ်။ ပုန်းလိုက်တော့ ကျနော်က ကဲ့ ဥက္ကဌ ခင်ဗျားထွက်ခဲ့ပါအုန်း။ ရယက ဥက္ကဌ ကိုနေလင်းအောင် ထွက်လာတယ် ။ ထွက်လာတဲ့ အချိန်မှာ မင်း ဒါ ငါတို့ကို ဘာလုပ်တာလဲဆိုတော့၊ ကျနော် မသိဘူးလေ၊ ဒါ စွမ်းအားရှင်က လုပ်တာတဲ့။"

၎င်းတို့ ဖမ်းဆီးခံခဲ့ရခြင်းကို ကြားသိရသော ဒေါပုံမြို့နယ် အဖွဲ့ချုပ် စည်းကော်မတီဝင် နှစ်ဦးမှ လာရောက်ဖြေရှင်းရန် ကြိုးစားရာမှာ စွမ်းအားရှင်များမှ လိုက်လံ ဖမ်းဆီးခဲ့သည့်အတွက် ထွက်ပြေးခဲ့ရပါသည် ။ ထို့နောက် စွမ်းအားရှင်တဦးမှ ဦးတင်လှိုင်တို့ ဒေါပုံမှနေ ကျိုက္ကဆံစစ်ကြောရေးစခန်းကို ခေါ်ဆောင်သွားခဲ့ပါတယ် ။ စွမ်းအားရှင် (၁၀) ဦးအနက် (၄) ဦးကတော့ ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်က ကိုလှရွှေ၊ ကိုချမ်းလှိုင်၊ ဈေးအကွေ့က ဆိုက်ကားသမား ကိုအေးကို၊ ဗိုလ်ထွန်းဇံရပ်ကွက်မှ ကိုစံလင်းတို့ ဖြစ်ကြောင်း သိရပါသည် ။ ၎င်းတို့အား ကျိုက္ကဆံစစ်ကြောရေး စခန်းတွင် စစ်ဆေးမေးမြန်းမှုနှင့်ပတ်သက်လို၍ ဦးကြင်လှိုင်မှ ယခုလို ပြောပြပါသည် ။

"ကျနော်တို့ကို အဲဒီက နှစ်ပွင့်နဲ့ အရာရှိတယောက်နဲ့၊ တပွင့်နဲ့ အရာရှိတယောက်က ကျနော်တို့ကို လာခေါ်သွားတော့တာပဲ။ နောက် စစ်တာပေါ့ ။ ခင်ဗျားတို့ ဘယ်သွားမလို့လဲပေါ့ ။ ခင်ဗျားတို့က ဖိတ်စာရလို့ သွားတာလား၊ ဒီအတိုင်းသွားတာလားတဲ့။ ကျနော်တို့ ဒေါပုံမြို့နယ် တရားဝင် ဖိတ်စာလာလို့ ကျနော်တို့ သွားတာပါလို့။ ကျနော်တို့က ရိုးရိုးသားသားပါလို့ ကျနော်တို့က မွေးနေ့ပွဲကို တက်ဖို့ပဲ အစီအစဉ်ရှိတယ်၊ ကျနော်တို့မှာ ဆူပူမှုဖြစ်ဖို့ဆိုတာ အခြေအနေ မရှိပါဘူးလို့။"

ယခုလို စစ်ဆေးမေးမြန်းပြီးနောက် ညနေ (၄) နာရီလောက်တွင် စစ်ကြောရေးစခန်း အာဏာပိုင်များမှ ပြန်လွှတ်ပေးခဲ့သည်ဟုလဲ ဦးကြင်လှိုင်မှ ပြောပြသွားခဲ့ပါသည် ။ ယခုလို ဒေါပုံမြို့နယ် အဖွဲ့ချုပ် စည်းအဖွဲ့ဝင်များ နှောင့်ယှက်ခံခဲ့ရသည့်နည်းတူ မင်္ဂလာဒုံမြို့နယ်အတွင်းတွင်လဲ အဖွဲ့ချုပ် အဖွဲ့ဝင်များ စီးလာသည့် ကားဒရိုင်ဘာလိုင်စင် အသိမ်းခံခဲ့ရပါသည် ။ ယင်းကိစ္စနှင့် ပတ်သက်၍ မင်္ဂလာဒုံ အဖွဲ့ချုပ်လူငယ် တာဝန်ခံ မခင်မြတ်သူမှ ယခုလို ပြောပြပါသည် ။

"ထောက်ကြံ့ ကားမှတ်တိုင်ကနေ စီးပြီးတော့ ရှေ့မှတ်တိုင် မရောက်ခင်မှာပဲ ကျမတို့စီးလားတဲ့ "အုတ်ကံ–လသာ" ကားကို တားလိုက်တယ် ။ တားတာက ယဉ်ထိန်းရဲ မပါဘူး။ မယက ပါတယ်၊ ရယကပါတယ်၊ ကြံ့ခိုင်ရေးတွေပါတယ်၊ မီးသတ်ပါတယ်။ အဲဒါ သူတို့ တားပြီးတော့ လိုင်စင်ကိုတောင်းတယ်။ ဒရိုင်ဘာကို ဆင်းခိုင်းတယ်။ ဒရိုင်ဘာဆင်းတော့ ယာဉ်မောင်းလိုင်စင် ခဏပြပါဆိုပြီး တောင်းတယ်။ နောက် ဒရိုင်ဘာကို မေးတယ်၊ ကားပေါ်မှာ ပင်နီအင်္ကျီနဲ့ လူတွေ ပါလား တဲ့၊ မေးတယ်။ ဒရိုင်ဘာက 'ကျနော်က မသိဘူးတဲ့၊ ပါလား၊ မပါလား ကျနော်လိုက်ကြည့်နေတာ မဟုတ်ဘူး' မသိဘူးပေါ့။ သူတို့က လှမ်းကြည့်ပြီးတော့ ပင်နီအင်္ကျီနဲ့ လူတွေပါတယ်ဆိုပြီးတော့ လိုင်စင်ကို သိမ်းထားလိုက်တယ်။ 'ဒီနေ့ ကားဒရိုင်ဘာက လိုင်စင်သွား ပြန်တောင်းတော့ ပြန်ပေးလိုက်တယ်၊ မနက်ဖြန်မှာ စစ်ဆေးမေးမြန်းစရာ ရှိတဲ့အတွက် ရုံးကိုလာခဲ့ပါ "ဟု မင်္ဂလာဒုံမြို့နယ် အာဏာပိုင်များမှ ပြောဆိုကြောင်းလဲ မခင်မြတ်သူမှ ဒီဗွီဘီသို့ ပြောပြသွားခဲ့ပါသည် ။

**အစသို့**

---

## လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်၏ ခွဲစိပ်ကုသမှုအား ကြံ့ဖွံ့ ဝင်ရောက်အနှောက်အယှက်ပေး

*၂၃ ၊ ၄ နှ် ၊ ၂၀၀၇*

ယခုလ (၂၀) ရက်နေ့တွင် မန္တလေးတိုင်း မတ္တရာမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်၏ ခွဲစိပ်ကုသမှုအား ကြံ့ခိုင်ဖွံ့ဖြိုးရေး အဖွဲ့ဝင်များမှ ဝင်ရောက်ခဲ့သောကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရကြောင်း မိသားစုများမှ ပြောပါသည် ။ ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် ဆုတောင်းပွဲလုပ်ပြီးအပြန် အမည်မသိ လူတဦး၏သံလက်သီးဖြင့် ထိုးနှက်မှုကြောင့် ဦးသန်းလွင်၏ နှာခေါင်းရိုး ကျိုးသွားသည့်အတွက် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးရှိ မျက်နှာနှင့် မေးရိုးပိုင်းဆိုင်ရာ ဌာနမှ ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့၌ ခွဲစိပ်ကုသရာတွင် ကြံ့ဖွံ့အဖွဲ့များမှ နီးနီးကပ်ကပ် ဝင်ရောက် စောင့်ကြည့်ခဲ့ခြင်း ဖြစ်ပါသည် ။ ၎င်းအခြေအနေနှင့် ပတ်သက်၍ သားဖြစ်သူ ကိုဇော်မင်းလွင်နှင့် သမီးဖြစ်သူ မခင်မာလွင်တို့မှ ယခုလို ပြောပြကြပါသည် ။

"တမြန်မနေ့ကပေါ့၊ အော်ပရေးရှင်းဝင်တာလေ။ ခွဲစိပ်တဲ့နေ့ကဆိုရင် ဘေးတစ်မ်းပေါ့၊ ကြံ့ခိုင်ရေးပုံစံမျိုး ၊ ကြံ့ခိုင်ရေး အဝတ်အစားနဲ့ကို ဖုန်းနားလေးမှာ စောင့်တာမျိုး၊ လာတာကို တွေ့ရပါတယ် ။ ရဲတင်းလွန်းတာပေါ့နော် ၊ အဖေ့ရဲ့အခန်း အပေါက်ဝနား အထိ ရောက်လာတာရှိတယ်၊ ကုတင်နားအထိ ရောက်လာတာရှိတယ်။ အဲဒါတွေကို ကျနော်က လိုက်လိုက်ပြီးတော့ မေးတယ်၊ ဘာကို တွေ့ချင်တာတုန်း မေးတဲ့အခါမှာ သူတို့က ပြန်ပြန်လှည့်သွားတယ်။" "အဖေ့အနားမှာလဲ မလွတ်မလပ် နေရတယ်ပေါ့နော်။ သူတို့ကလဲ အမြဲတမ်း စောင့်နေတဲ့အခါကျတော့ မိသားစု စကားတောင်မှ ကျယ်ကျယ်ဝံ့ဝံ့ မပြောရဘူးပေါ့နော်။ ဘေးတစ်မ်းရှိတယ်ဆိုတော့ ဘာရယ်၊ ညာရယ် မဟုတ်ဘူးပေါ့နော်။ မိသားစု အရေးလေး ဘာလေး ပြောဖို့ဟာကို ပြောမဖြစ်ဘူး။"

အသက်ကြီးရင့်ပြီဖြစ်သည့် ဦးသန်းလွင်အား ခွဲစိပ်မှုပြီးသွားသည်ဆိုသော်လဲ မေ့ဆေးအရှိန်နှင့် ထိုးနှက်ခံရမှုဒဏ်များကြောင့် သိပ်စကား ပြောနိုင်သေးကြောင်း သားဖြစ်သူ ကိုဇော်မင်းလွင်မှ ပြောပြပါသည် ။ ထို့အပြင် ဆေးရုံပတ်ဝန်းကျင်တွင်လဲ ရဲအထူး

သတင်းတပ်ဖွဲ့ဝင်များမှ စောင့်ကြည့်နေသည်ဟု ဆိုပါသည် ။ ကြံ့ဖွံ့ အဖွဲ့ဝင်များမှ ယခုလို ဆေးရုံအတွင်းထိ ဘာကြောင့် ဝင်ရောက်ကြည့်ရှုရသည်ကို မြို့နယ် ကြံ့ဖွံ့ရုံးသို့ ဆက်သွယ်မေးကြည့်ရာတွင် တာဝန်ကျသူတဦးမှ ယင်းကိစ္စကို သူမသိကြောင်းနှင့် တာဝန်ယူဖြေကြားမည့်သူ မရှိကြောင်း ပြောပါသည် ။ သို့သော် လွန်ခဲ့သည့် (၁၉) ရက်နေ့တွင် အမှုမှန် ဖော်ထုတ်ရန်ဟုဆို၍ တာဝန်ရှိလုံခြုံရေးစခန်းမှ ကိုဇော်မင်းလွင်သို့ စစ်ချက်ယူသွားသည်ဟု ကိုဇော်မင်းလွင်မှ ယခုလို ပြောပြသွားပါသည် ။

“(၁၉) ရက်နေ့က ဒု–ရဲအုပ် ဇော်မင်းမင်းထွေး၊ ကျနော်တို့ အမှုဖွင့်ခဲ့တဲ့ ရဲစခန်းကပါပဲ ။ ကျနော်က အဲဒီမှာ ဖြစ်ခဲ့တဲ့ကဏ္ဍလေးတွေ၊ ကျနော်သိခဲ့တာဟာလေးတွေကို အကုန် ပြောပြတယ်ပေါ့ ။ ဘာလို့လဲဆို ဝတ်ပြုဆုတောင်းပွဲ သွားတဲ့နောက်မှာ ကျနော်က ထပ်ကြပ်မကွာ လိုက်ပါသွားပြီးတော့ သူတို့ ကြံ့ဖွံ့တွေအထဲမှာ ကျနော်က ထိုင်ပြီးတော့ အကဲခတ်နေတာကိုး။ အဲဒီတော့ သူတို့ကူညီတဲ့ဟာတွေ ၊ လုပ်တဲ့ဟာတွေကို ကျနော်က ကြည့်နေတော့ အဲဒီမှာ စစ်ချက်ထဲမှာ ပြောခဲ့တယ် ။ သူတို့က အမှုဖွင့်ထားတဲ့အတွက် သူတို့လဲ စုံစမ်းနေပါတယ်လို့ ပြောပါတယ် ။ စုံစမ်းတဲ့အပေါ်မှာ သူတို့ရဲ့ အဖြေကိုတော့ ကျနော်တို့ကို ဘာမှတော့ အသိမပေးသေးဘူးပေါ့လေ။” ယင်းကိစ္စနှင့် ပတ်သက်၍ မတ္တရာမြို့နယ် ရဲစခန်းသို့ ထပ်မံ ဆက်သွယ် မေးကြည့်ရာတွင် အမှုစစ်သည့် ရဲအရာရှိမှ ရုံးအတွင်း မရှိသောကြောင့် မေးမြန်းခွင့် မရရှိခဲ့ပါ ။

**အစသို့**

---

## မဖြူဖြူသင်း အစာတော်ခံ ဆန္ဒပြနေသည့် သတင်းအား ထုတ်ပြန်ပေးရန် အဖွဲ့ချုပ်မှ စစ်အစိုးရသို့ တောင်းဆို

*၂၃ ၊ ဇွန် ၊ ၂၀၀၇*

HIV/AIDS ဝေဒနာသည်များကို ကူညီပေးနေသည့် မဖြူဖြူသင်း အစာတော်ခံ ဆန္ဒပြသည့် သတင်းအား ထုတ်ပြန်ပေးရန်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ စစ်အစိုးရသို့ ယနေ့တွင် တောင်းဆိုလိုက်ပါသည် ။ “အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ HIV ဆက်ရှင်မှာ တာဝန်ယူ ဆောင်ရွက်နေတဲ့ မဖြူဖြူသင်းကို (၂၁၊ ၀၅၊ ၂၀၀၇) ရက်နေ့ ကတည်းက ထိန်းသိမ်းထားခဲ့တာပါ။ မဖြူဖြူသင်းဟာ (၁၉) ရက်နေ့ကတည်းက စပြီးတော့ အစာတော်ခံ ဆန္ဒပြနေတယ်လို့ ယုံကြည်ထိုက်တဲ့ နေရာတွေကနေပြီးတော့ ကြားသိရပါတယ်။ အဲဒီတော့ အခုထိဆိုရင် (၅) ရက်ထိ ရှိသွားပါပြီ။ သူ့မှာ မူလကတည်းကလဲ ရင်ကြပ်၊ ပန်းနာရောဂါတို့ အခြားရောဂါတွေလဲ ရှိပါတယ်။ ရှိတဲ့အတွက်ကြောင့် သူ့ရဲ့ ကျန်းမာရေး အခြေအနေကို အထူးစိုးရိမ်နေပါတယ်။ ကျနော်တို့က စိုးရိမ်နေသလို လုံးဝ တွေ့ခွင့်မရသေးတဲ့ သူ့မိသားစုကလဲ အထူး စိုးရိမ်နေမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီသတင်း မှန်ကန်သလား၊ မမှန်ကန်လားဆိုတာ သက်ဆိုင်ရာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များကနေပြီးတော့ အတည်ပြုပေးသင့်ပါတယ်။ ထိုအတူပဲ သူ့မိသားစုနဲ့လဲ အမြန်ဆုံး တွေ့ခွင့်ပေးသင့်ပါတယ်လို့ ကျနော်တို့ တောင်းဆိုချင်ပါတယ်။”

အဖွဲ့ချုပ် ဗဟို သတင်းနဲ့ ပြန်ကြားရေးအဖွဲ့ဝင် ဦးမြင့်သိန်း ပြောပြသွားခြင်း ဖြစ်ပါသည် ။ မဖြူဖြူသင်းအား ဘာကြောင့် ဖမ်းသည် ၊ ဘယ်မှာထားသည် ၊ မည်သည့်ပုဒ်မနှင့် အရေးယူထားသည် ဆိုသည်ကို ယခုချိန်ထိ အာဏာပိုင်များမှ ထုတ်ပြန်ပေးခြင်း မရှိသေးပါ ။

**အစသို့**

---

## ဆုတောင်းပွဲပြုလုပ်၍ ဖမ်းဆီးခံရသူများ လွတ်မြောက်ရေး ပြည်သူများ လက်မှတ်ထိုးတောင်းဆို

*၂၄ ၊ ဇွန် ၊ ၂၀၀၇*

အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ရှမ်းခေါင်းဆောင် ဦးခွန်ထွန်းဦး အပါအဝင် နိုင်ငံရေး အကျဉ်းသားအားလုံး လွတ်ပေးရေး ဝတ်ပြုဆုတောင်းပွဲများကို ပြုလုပ်ခဲ့၍ ဖမ်းဆီးခံနေရသူ (၅၂) ဦး ပြန်လည် လွတ်မြောက်ရေးအတွက် ဒဂုံမြို့သစ်မြို့နယ်အတွင်းတွင် ပြည်သူများမှ လက်မှတ်ရေးထိုး တောင်းဆိုပွဲ စတင်လိုက်ပြီဟု သိရပါသည် ။ ဖမ်းဆီးခံနေရသူများ၏ လွတ်မြောက်ရေးအတွက် မိသားစုဝင်များနှင့် ဒဂုံမြို့သစ်နေ ပြည်သူများမှ စုပေါင်းလက်မှတ်ရေးထိုးပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပို့ဆောင်ရန် ဖြစ်ပါသည်။ မနေ့ကစတင်ခဲ့သည့် လက်မှတ်ထိုးပွဲ အခြေအနေနှင့်ပတ်သက်၍ ဦးဆောင် လှုပ်ရှားနေသူ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဒဂုံမြို့သစ် စည်းရုံးရေးကော်မတီဝင် ဦးလှစိုးမှ ယခုလို ရှင်းပြပါသည်။

"ဖမ်းဆီးထိန်းသိမ်းခံနေရတဲ့ မိသားစုတွေရယ်၊ ပြည်သူတွေရယ်၊ အဖွဲ့ဝင်တွေရယ် အားလုံး စုပေါင်းပြီးတော့ လက်မှတ်ထိုးပွဲကို ကျနော်တို့ (၂၃) ရက်နေ့က စတင်ပါတယ်။ လူ (၁၀၂) ယောက်ပေါ့နော် ဒီကနေ့ စာရင်ပေါ့နော်။ လက်မှတ် စထိုးပြီးသွားပါပြီ။ (၁) ရက်နေ့မှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေဆီကို ကျနော်တို့ စာပို့မယ်။။"

တလကျော် ကြာနေပြီဖြစ်သော ဖမ်းဆီးခံနေရသူများသည် မိသားစုဝင်များနှင့် မတွေ့ဆုံရသေးသည့်အပြင် ဘယ်နေရာတွင် ထိန်းသိမ်းထားသည် ဆိုသည်ကိုလဲ တိတိကျကျ မသိရပါ။ လက်မှတ်ရေးထိုးခဲ့သည့် သာမန်ပြည်သူ တဦးကတော့။ "ငြိမ်းငြိမ်းချမ်းချမ်း ဘုရားတွေအပေါ်မှာ ဝတ်ပြုဆုတောင်းခြင်းကလဲ တကယ်ကိုမှ သိမ်မွေ့တဲ့ လုပ်ရပ်ဖြစ်တယ်။ အဲဒီအပေါ်မှာ ကျနော်တို့က အပြည့်အဝ ကြိုဆိုတယ်၊ ဒီအပေါ်မှာ အာဏာပိုင်တွေက ဖမ်းဆီးအရေးယူလို့ အခု မိသားစုတွေနဲ့ တွေ့ခွင့်မပေးခြင်းတို့၊ ဥပဒေနဲ့အညီ ဆောင်ရွက်ခြင်း မရှိတဲ့အပေါ်မှာ ပြည်သူတယောက်အနေနဲ့ ဒီအပေါ်မှာ မရှိစေချင်ပါဘူး။ ဒါကြောင့်မို့လို့ ကျနော်တို့က စုပေါင်း လက်မှတ်ထိုးပွဲမှာ ပါဝင်ခြင်း ဖြစ်ပါတယ်။"

ယခုလို အဖမ်းခံရနေသူ (၅၂) ဦး လွတ်မြောက်ရေးအတွက် လက်မှတ်ထိုး တောင်းဆိုမှုများ စတင်လိုက်ချိန်မှာပင် အော့စ် ဝေဒနာရှင်များအား စောင့်ရှောက်ကူညီနေသည့် မဖြူဖြူသင်း လွတ်မြောက်ရေးအတွက် ဝေဒနာရှင်များ စုပေါင်းလက်မှတ် ရေးထိုးပြီး မနက်ဖြန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပို့ဆောင်တော့မယ်ဟု သိရပါသည် ။ ယင်းအကြောင်းကို ကိုယ်တိုင် လက်မှတ်စုဆောင်း ကောက်ခံခဲ့သူ ကိုတင်ကိုမှ ယခုလို ပြောဆိုသွားခဲ့ပါသည် ။ "လကုန်လောက်ကနေစပြီးတော့ ကျနော်တို့ နယ်ဆင်းကောက်ပါတယ်။ သူ့ရဲ့ ဝေဒနာရှင်တွေ၊ မလာနိုင်တဲ့လူတွေကို လိုက်ကောက်တာပေါ့။ ကောက်တဲ့အခါကျတော့ (၂၅) ရက်နေ့ ညနေမှာ တင်မယ်။ မဖြူဖြူသင်း ကူညီထားတဲ့ နေရာဒေသ ပေါင်းစုံပေါ့။ အထူးသဖြင့်တော့ မကွေးတိုင်းက များတာပေါ့နော်။ စကတည်းက ဝတ်ပြုဆုတောင်းပွဲပြီးရင် လက်မှတ်ထိုး ကန့်ပိန်းလုပ်မယ်။ လက်မှတ်ထိုး ကန့်ပိန်းလုပ်လို့မှ မလွတ်သေးဘူးဆိုရင် ဆက်လက်ပြီး လုပ်ပိုင်ခွင့် အနေအထားအပေါ်မှာ မူတည်ပြီးတော့ လုပ်သင့်လုပ်ထိုက် တာတွေကို လုပ်သွားမယ်လို့ စီမံကိန်း ချထားတာလေ။ မဖြူဖြူသင်းကနေ စိတ်ဓာတ်ခွန်အားကို (၅၀) ရာခိုင်နှုန်း ပေးနေတယ်။ အပြည့်အဝ ကျနော်တို့ ရရှိခံစားရတယ်၊ ကိုယ်ဖိရင်ဖိ ပြုစုတယ်။ အဲဒီအတွက် ကျနော်တို့ မဖြူဖြူသင်း အမြန်ဆုံးကို လိုအပ်နေတယ်။ မဖြူဖြူသင်း သူ့ကို မြင်လိုက်၊ တွေ့လိုက်ရရင်ကို ကျနော်တို့က (၅၀) ရာခိုင်နှုန်းက ပျောက်သလောက်ကို ဖြစ်သွားပြီလို့ ခံစားနေရတယ်။"

**အစသို့**

---

## ညီလာခံ မတက်ချင်၍ ပြန်လည်တောခိုလာသော တပ်ဖွဲ့အား ကြိုဆိုစဉ် ကရင်နီ တပ်သား (၄) ဦး ဖမ်းဆီးခံရ

*၂၅ ၊ ဇွန် ၊ ၂၀၀၇*

စစ်အစိုးရ၏ အမျိုးသား ညီလာခံအား မတက်ချင်တော့၍ နယ်စပ်ဒေသဆီသို့ပြန်လည် တောခိုလာသည့် ရလလဖ တပ်ဖွဲ့ဝင်များအား ကြိုဆိုရင်းနှင့် ၎င်းတို့၏ တပ်ဖွဲ့ဝင် (၄) ဦးသည် စစ်အစိုးရ၏ ဖမ်းဆီးခြင်းကို ခံလိုက်ရသည့်အကြောင်း ကရင်နီ တိုးတက်ရေးပါတီ **(KNPP)** မှ ယနေ့ ပြောဆိုလိုက်ပါသည် ။ အင်အား (၁၀၀) ကျော်နဲ့ တောခိုလာတဲ့ ရလလဖ အဖွဲ့ဝင်များအား သံလွင်မြစ် ကူးနိုင်အောင် စီစဉ်နေစဉ် ယခုလို ဖမ်းမိသွားခြင်းဖြစ်သည်ဟု **KNPP** အတွင်းရေးမှူး ခူးရေမွန်ထူးက ယခုလို အတည်ပြု ပြောဆိုပါသည် ။

"(၂၀) ရက်နေ့တုန်းက စတယ်ပေါ့ ။ ရလလဖ တပ်ဖွဲ့ဝင်တွေနဲ့ ကျနော်တို့ သံလွင်မြစ် ကူးတဲ့အချိန်မှာ အဲဒီမှာ တပ်စွဲထားတဲ့ နအဖရဲ့ ခမရ (၅၀၈) တပ်နဲ့ တိုးတဲ့အခါ တိုက်ခိုက်မှု ဖြစ်တယ် ။ အဲဒီမှာ ကျနော်တို့ ဖောင်ပေါ်မှာ စီးနေတဲ့ ကျနော်တို့ ရဲဘော် (၄) ဦးကို နအဖက သူတို့စက်လှေတစီးနဲ့ လိုက်လံပိတ်ဆိုတဲ့ အခါကျတော့ ကျနော်တို့ ဖောင်ပေါ်မှာပါတဲ့ ရဲဘော် (၄) ယောက် ဖမ်းဆီးခံလိုက်တယ်။ ကျနော်တို့ တပ်ဖွဲ့ရယ်၊ နောက် ရလလဖ တပ်ဖွဲ့နှစ်ဖွဲ့က နအဖ (၅၀၈) နဲ့ ရင်ဆိုင် တိုက်ခိုက်မှုခံရတာ အဲဒီမှာ တိုက်ပွဲဖြစ်တယ် ။"

ရလလဖ အဖွဲ့ဟာ ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ် နော်ထော်စခန်းကနေ ခွဲထွက်လာတဲ့ အဖွဲ့ဖြစ်ပြီး ဗိုလ်မှူးအောင်ကျော်နှင့် ဗိုလ်မှူးသူရိန်တို့မှ ဦးဆောင်ကာ ယခု **KNPP** နယ်မြေထဲ ရောက်နေပြီ ဖြစ်သည်ဟု ခူးရေမွန်ထူးက ပြောပါသည် ။ သည့်အတောအတွင်း နောက်ထပ် သီးခြား တိုက်ပွဲတခုလဲဘဲ ဖြစ်ပွားခဲ့ပြီး ၊ သည့်တကြိမ်မှာတော့ နအဖနှင့် မဟုတ်ဘဲ၊ နအဖနှင့် ငြိမ်းချမ်းရေးယူထားသည့် ကလလတ အဖွဲ့နှင့် ဖြစ်သည်ဟု ခူးရေမွန်ထူးမှ ယခုလို ဆက်ပြောပါသည် ။

"(၂၂) ရက်နေ့က ည (၇) နာရီအချိန်မှာ မြောက်ဘက်မှာရှိတဲ့ အနီးမှာ ကလလတ ဆိုတဲ့ အပစ်ခတ်အဖွဲ့က စီးလာတဲ့ ကားတစီးကို ကျနော်တို့ ကရင်နီအဖွဲ့က ခြုံခိုတိုက်ခိုက်တဲ့ အခါကျတော့ **M**-၁၆ (၃) လက်၊ **M**-၂၀ (၁) လက် ရတယ်လို့ သတင်းပို့ပါတယ်။ (၂၃) ရက်နေ့မှာ ကော့ကရိတ်နယ်မှာ ခလရ (၁၃၅) စစ်ကြောင်းကို ကျနော်တို့ ကရင်နီအဖွဲ့က ခြုံခိုတိုက်ခိုက်တဲ့

အခါကျတော့ တပ်သားနှစ်ယောက် သေဆုံးပြီးတော့ တပ်ကြပ်ကြီး ပြင်းထန်စွာ ဒဏ်ရာရတယ်လို့ ပြောပါတယ်။” ဒီကနေ့ထုတ် စစ်အစိုးရ သတင်းစာမှာတော့ တိုက်ပွဲဖြစ်တယ်လို့ မဖော်ပြဘဲ ခရီးသည် ယာဉ်တန်းကို KNPP က ခြုံခိုတိုက်ခိုက်တယ်လို့ ရေးသားထားပါတယ်။ ကယားပြည်နယ် မော်ချီးဒေသနဲ့ ကရင်ပြည်နယ် ကော့ကရိတ် ဒေသမှာရှိတဲ့ ခရီးသွား ပြည်သူများအား KNPP နဲ့ KNU လက်နက်ကိုင်များမှ ရက်ရက်စက်စက် ပစ်ခတ်နေသည်ဟု ဖော်ပြထားပါသည် ။

**အစသို့**

---

## အစာငတ်ခံ ဆန္ဒပြနေသည့် မဖြူဖြူသင်းအတွက် မိသားစုနှင့် လုပ်ဖော်ကိုင်ဖက်များ စိုးရိမ်

*၂၅ ၊ ဇွန် ၊ ၂၀၀၇*

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး တလတာ ဝတ်ပြုဆုတောင်း၍ အဖမ်းဆီးခံနေရသည့် မဖြူဖြူသင်းမှာ ယနေ့ဆိုရင် အစာငတ်ခံ ဆန္ဒပြနေသည်မှာ (၇) ရက်ရှိသွားပြီဖြစ်သည့်အတွက် မိသားစုဝင်များနှင့် လုပ်ဖော်ကိုင်ဖက်များမှ အထူးစိုးရိမ်နေကြပါသည် ။ မဖြူဖြူသင်း ဆန္ဒပြနေသည်မှာ (၇) ရက် ရှိသွားပြီဖြစ်၍ စိုးရိမ်ရသည့်အခြေအနေအား လူ့အခွင့်အရေး လှုပ်ရှားသူ မစုစုနွေးမှ ယခုလို ပြောပြသည် ။

“မဖြူဖြူသင်း အစာငတ်ခံ ဆန္ဒပြနေတာ ရေတောင် ဖြတ်ထားတယ်လို့ ကျမ သတင်းရတယ်လေ။ ရေလဲ မသောက်တော့ဘူး။ အခုဒီမှာ ညီမတို့ ဆရာဝန်ကြီးဖြစ်တဲ့ ဦးတင်မျိုးဝင်းကလဲ မဖြူဖြူသင်းရဲ့ အသက်အန္တရာယ်အတွက် အစာငတ်ခံ ဆန္ဒပြနေတာကို ဆေးကုသခွင့်တောင်းတယ်။ သူတို့က မဟုတ်ဘူးလို့ ပြောတယ်။ ဒါပေမဲ့ မဟုတ်ဘူးလို့ ပြောတယ်ဆိုရင် မိသားစုနဲ့ သူတို့ တွေ့ဆုံခွင့်ပေးရမယ်။ ရေအသက် တမနက် ထမင်းအသက် (၇) ရက် ။ ဒီနေ့ဆို (၇) ရက် ပြည့်ပြီပေါ့နော် ။ ရေမသောက်ဘူး ။ ရေပါဖြတ်ထားတယ်ဆိုတော့ သူဟာ အခုအချိန်အထိ အသက်မှ ရှိရဲ့လား ဆိုပြီးတော့ ၊ ကျမတို့မှာ စိုးရိမ်ပူပန်မှုတွေ ရှိနေရတယ်။”

မဖြူဖြူသင်းနှင့်အတူအဖမ်းခံနေရသူ(၅၂) ဦးထဲမှ အမျိုးသားများလိုက်ပါ ဆန္ဒပြနေသည်ဟုသတင်းများ ပေါ်ထွက်နေသည်ကိုလဲ။

“ယောကျ်ားလေးတွေလဲ အစာငတ်ခံ ဆန္ဒပြနေတယ်လို့ ကျမ ကြားသိရတယ်။ သူတို့ကို ထမင်းကျွေးတဲ့အချိန်မှာ ထမင်းမစားတော့ဘူးလို့ ပြောတယ်ပေါ့နော်။ အဲဒါ ကျမ ကြားသိရတယ်။ အဲဒီတော့ အားလုံးအတွက်ပေါ့နော်။ မဖြူဖြူသင်းရော ကျန်ရှိတဲ့ မဖြူဖြူသင်းနဲ့အတူ အစာငတ်ခံ ဆန္ဒပြနေတဲ့ ယောကျ်ားလေးတွေ အားလုံးကိုလဲ ကျမတို့ အရမ်းစိုးရိမ်နေရတယ်။ အပြစ်မဲ့ ဖမ်းထားပြီးတော့ပေါ့နော်။ အခုလို အသက်အန္တရာယ်စိုးရိမ်ရတဲ့ အခြေအနေ ရောက်နေတဲ့ မဖြူဖြူသင်းနဲ့ အားလုံးကိုပေါ့နော်။ မိသားစုတွေနဲ့ တွေ့ခွင့်ပေးပါလို့၊ ကျမ ပြောချင်ပါတယ်။”

မဖြူဖြူသင်း၏ အသက်အန္တရယ် စိုးရိမ်ရသည့် အခြေအနေအပေါ် ညီမဖြစ်သူ မစံပယ်ဦး မှလဲ ယခုလို ပြောဆို ပါသည်။

“(၄) ရက် မြောက်တဲ့နေ့မှာကို သူ ကတုန်ကယင် ဖြစ်နေပြီပေါ့နော်။ (၅) ရက်မြောက်တဲ့နေ့မှာ သိရသလောက်ကတော့ သူလဲသွားပြီပေါ့ ။ တခုခုဖြစ်မှာကို အတော်ကြီး စိုးရိမ်နေတယ် ။ (၅) ရက်မြောက်တဲ့အထိကို ဘယ်သူကမှကို လာကိုမကြည့်ဘဲ ပစ်ထားတယ်လို့ ပြောတယ် ။ လုံးလုံးလဲ မထိုင်နိုင်တော့ဘူးဆိုတော့ ကျမတို့ သူ့အသက် အန္တရာယ်အတွက်ကို အထိကို စိုးရိမ်နေပါတယ်။ ကျမတို့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင်ကို ဖြစ်နေပါတယ် ။ ကျမတို့ မိသားစုမှာ ဘယ်သူ့လိုက်မေးလို့လဲ မေးရမှန်းမသိ၊ ဘယ်မှာ သွားတွေ့လို့လဲ တွေ့ရမှန်းမသိဆိုတော့၊ ဘယ်လို စဉ်းစားရမယ် မသိအောင် ကျမတို့ မိသားစုမှာ အပူမီးတွေ တောက်လောင်နေပါတယ်။ ကျမ ဘယ်သူ့ကို အားကိုးရမှန်းမသိတဲ့ အခြေကို ရောက်နေပါတယ်။”

ကိုယ်တိုင် ကျိုက္ကဆံ စစ်ကြောရေးတွင် ဆန္ဒပြခဲ့သည့် အတွေ့အကြုံကိုလဲ မစုစုနွေးမှ ယခုလို ဆက်ပြောပြပါတယ်။

“ဟို ထမင်းဆာတဲ့ ဒုက္ခတွေ ကျမဆို ရက် သုံးရက်ပြည့်တဲ့နေ့မှာပေါ့နော် ။ နားထဲက လေတွေထွက်လာတယ် ။ ကိုယ်တွေ ချက်ခြင်းပူလာတယ်ပေါ့နော် ။ ရင်ထဲမှာ လှပ်လှပ်၊ လှပ်လှပ် နဲ့ ဖြစ်ပြီးတော့၊ ကိုယ့်ကိုယ်ကိုတောင် မသယ်ချင်တဲ့ ပုံစံမျိုး ဖြစ်လာပြီးတော့ မတ်တပ်ရပ်နေတဲ့ အချိန်မှာ မိုက်ကနဲ ၊ မိုက်ကနဲ ဖြစ်သွားတယ်ပေါ့နော် ။ အဲဒါတွေကို ခါးစည်းခံတဲ့ ကျမတို့ရဲ့ ယုံကြည်ချက်၊ ခံယူချက်နဲ့ပေါ့နော်။ ကျမတို့ဟာ မတရားအဖမ်းခံရတယ်။ အထဲမှာ ကျမတို့တောင်းဆိုတယ်။ ဒါကို လူကြီးတွေအနေနဲ့ ကျမတို့ကို နားလည်စွာဖြင့်ပေါ့နော် ။ ကျမတို့ အမှန်တရားကို ဖြေရှင်းပေးမယ်လို့ ယူဆပြီးတောင်းဆိုတယ် ။ ဒါပေမဲ့ ကျမတို့ ရင်ဆိုင်ခဲ့ရတာကျ ကျမတို့ လူသားချင်း မစာနာဘဲနဲ့ပေါ့ ၊ ကျမတို့ကို ဖြစ်ချင်ရာဖြစ် ထားတာမျိုးကို ကျမတို့ တွေ့ရတယ်လေ။”

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာသည် ကိုတင်ကိုကတော့ သူတို့ဝေဒနာသည်တွေကို ကူညီနေသည့် မဖြူဖြူသင်းအပေါ် ဘယ်လောက်အထိ စိုးရိမ်နေရသလဲဆိုသည်ကို ယခုလို ပြောဆိုပါသည် ။ “အပြင်ထွက်လာနိုး၊ လာနိုးနဲ့ စောင့်နေတဲ့ ပုဂ္ဂိုလ်တွေကလဲ ရှိတယ်လေ။ အဲဒါကျတော့ စိတ်ဓာတ်တွေက ကျဆင်းသွားတာမျိုးတွေ ဖြစ်တယ်လေ။ သူသေပြီဆိုတဲ့ သတင်းသာ သိလိုက်ရရင် အစ်ကို

စောင့်ကြည့်လိုက်ပေါ့နော်။ ဝေဒနာရှင်တွေကနေပြီးတော့ တခါတည်း သန်နေတဲ့ မြန်နေတဲ့ ဆေးစားနေတဲ့လူတွေကကို အမြန်ဆုံးကို ကျဆင်းသွားနိုင်တယ် ။ ပြန်ပိန်သွားနိုင်တယ် ။ ကျနော်ကတော့ ရှင်းရှင်းရယ် ။ သူသေသွားရင် လိုက်သေမှာပဲ။"

တဆက်တည်းမှာပင် မွန္တလေးတိုင်း၊ မတ္တီလာမြို့နယ် အဖွဲ့ချုပ်ပါတီဝင်များမှလဲ မဖြူဖြူသင်းအပါအဝင် အဖမ်းဆီးခံနေရသူ (၅၂) ဦးအား အမြန်ဆုံး ပြန်လွှတ်ပေးရန် ယနေ့ တောင်းဆိုလိုက်ပါသည် ။

**အစသို့**

---

## ရန်ကုန် မြို့တော်ခန်းမရှေ့၌ တစ်ကိုယ်တော်ဆန္ဒပြမှု ဖြစ်ပွား

*၂၆ ၊ ဇွန် ၊ ၂၀၀၇*

ရန်ကုန်မြို့မှ အသက် (၅၆) နှစ်အရွယ် ဦးသန်းလွင်သည် အာဏာပိုင်များအား မကျေနပ်သောကြောင့် မြို့တော်ခန်းမရှေ့၌ မနေ့က နေ့လည်ပိုင်းတွင် တကိုယ်တော် ဆန္ဒပြခဲ့သည်ဟု သိရပါသည် ။ အိမ်အရောင်းအဝယ် ကိစ္စနှင့် ပတ်သက်၍ ရန်ကုန်တိုင်း တွဲဖက် (၁၀) က တရားသူကြီး ဦးဝင်းဆွေ၏ မတရားသည့် ဆုံးဖြတ်အပေါ် မကျေနပ်သောကြောင့် "နိုင်ငံသားတိုင်း ဥပဒေကို အကာအကွယ်ပေးပါ "ဆိုသည့် ဆိုင်းဘုတ်အား ကိုင်မြှောက်ပြီး ဆန္ဒပြခဲ့ခြင်း ဖြစ်ပါသည် ။ ထိုအကြောင်း အသေးစိတ်ကို တကိုယ်တော် ဆန္ဒပြခဲ့သည့် ဦးသန်းလွင်အား ဆက်သွယ် မေးမြန်းထားပါသည် ။

" ဦးသန်းလွင် မနေ့က မြို့တော်ခန်းမရှေ့မှာ တကိုယ်တော် ဆန္ဒပြခဲ့တယ်လို့ သိရလို့ပါ၊ အဲဒါ ဟုတ် မဟုတ် သိချင်လို့ပါ။ အဲဒါလေး ပြောပြပါအုံး။ ဘာလို့ ဆန္ဒပြတယ်၊ ဘယ်လို ပြတယ်ဆိုတာ။"

" အိမ်အမှုဖြစ်တာက (၂၀၀၂) ခုနှစ်ကနေ စဖြစ်တာပေါ့။ (၂၀၀၅) ခုနှစ်မှာ ရန်ကုန်တိုင်း တွဲဖက် (၁၀) က တရားသူကြီး ဦးဝင်းဆွေကနေ မမှန်မကန်၊ မရိုးမသားနဲ့ အဂတိလိုက်စားပြီး ကျနော်တို့ အမိန့်ချလိုက်တယ်။ စရံငွေပေးပြီးတော့ အိမ်ကို လက်ရောက်အပ်ရမယ်ဆိုတဲ့ အမိန့် ချလိုက်တယ်။ မနေ့က ကျနော်အိမ်ကို သူတို့ လာဆွဲချကြတယ်။ အဲဒါ ကျနော်လဲ မခံနိုင်တာနဲ့ မြို့တော်ခန်းမရှေ့မှာ မနေ့က (၂) နာရီလောက်ကစတယ်။"

" မနေ့က (၂) နာရီလောက်က ဘယ်လို သွားပြီးတော့ ဘယ်လိုမျိုး ဆန္ဒပြသလဲ။"

"မနေ့က ကျနော် (၂) နာရီလောက် အဲဒီမှာ ရောက်တယ်။ ကျနော် စာရေးလိုက်တယ်၊ နိုင်ငံသားတိုင်း ဥပဒေ အကာအကွယ်ပေးပါ ဆိုပြီးတော့ ကျနော် အဲဒီလို ရေးပြီးတော့ ဆိုင်းဘုတ်ကို လက်နှစ်ဖက်နဲ့ မြှောက်ပြီးတော့ မြို့တော်ခန်းမရှေ့မှာ သွားပြီးတော့ ဆန္ဒပြတယ်။ ရဲနှစ်ယောက် ထွက်လာတယ်၊ ကျနော့်ကို ခေါ်သွားတယ်။ သူတို့ အကုန်လုံး ဝိုင်းမေးတယ်၊ ဘာလို့လဲ ကျနော် ဒီအကြောင်းပဲ ဒီလို ဖြစ်လို့လို့။ မတရားတဲ့ အမိန့်ကို လက်ခံပြီးတော့ အမိန့်ချတာပေါ့ ။ အဲဒါ မခံနိုင်လို့ ဆန္ဒပြတာလို့။ နောက်တခုက ကျနော်တို့မှာ မိသားစု (၈) ယောက်ရှိတယ်လို့၊ မိုးတွင်းလဲ ဖြစ်နေတယ်လို့၊ ဝါလဲဝင်တော့မယ်၊ ဝါဆိုလကြီးထဲ ရောက်နေတယ်လို့။ (၃) ပတ်လောက် အချိန်တောင်းတာလဲ မရဘူးလို့ လူကြီးတွေ သိအောင်ဆိုပြီးတော့လို့ နောက် ဟိုက တရုတ်တွေ / FRC တွေ၊ ကျနော်တို့က နိုင်ငံသားပါ၊ ကျနော်ဘက်အမှန်ပါ။ အဲဒါကို တရားသူကြီးက ကျနော် ငွေမပေးနိုင်လို့ ကျနော့်ကို အဲဒီလို အမိန့်ချတယ်။ အဲဒါကို လက်မခံနိုင်လို့ အဲဒါကြောင့် အဲဒီလို သွားလုပ်လိုက်တာ။"

" ဦးသန်းလွင် အိမ်က ဘယ်မှာရှိပြီးတော့ ၊ ဘယ်ရပ်ကွက်မှာလဲ ၊ တရုတ်တွေနဲ့ ဘယ်လို ဖြစ်တာလဲဆိုတာ အဲဒါလေး ပြောပြပါအုံး ။ "

"ဆရာစံရပ်ကွက် ကျနော် ဗဟန်းမြို့နယ် ဦးထွန်းမြတ်လမ်းက အမှတ် (၁၄၇) ပါ။ အဲဒီအိမ်ကို ကျနော်တို့ အရောင်းအဝယ် လုပ်တာပါ။ လွန်ခဲ့တဲ့ဈေးနဲ့ ပြီးခဲ့တဲ့ (၅) နှစ်လောက် ဈေးနဲ့ ဒီနှစ်ဈေးနဲ့ မတူဘူးလေ။ ဒီနေ့ဈေးက ကျနော်တို့အိမ်က သိန်း (၁၀၀၀) ကျော်လောက် တန်ပါတယ်။ ဟိုတုန်းက ကျနော် ရောင်းတာက (၁၇၇) သိန်းပါ။ အခု ဖြစ်နေတဲ့ ကာလကို (၅) နှစ်ကျော်နေပြီ။ စရိတ်စကတွေ အများကြီးရှိတယ်။ အဲဒါ တရုတ်တွေက ငွေပေးပြီးတော့ အိမ်ကို အရယူသွားတယ်။ အဲဒါနဲ့ ကျနော် မြို့တော်ခန်းမရှေ့မှာ ဆန္ဒသွားပြတာ။"

" ခေါ်စစ်တဲ့ ရဲစခန်းက ဘယ်ရဲစခန်းလဲ၊"

"ကျနော့်ကို မြို့တော်ခန်းမထဲ ခေါ်သွားတာပါ။"

" မြို့တော်ခန်းမထဲမှာ စစ်ဆေးတာပေါ့။ "

"ဟုတ်တယ်။ ကျနော် (၂) နာရီလောက်က ပြတယ်။ ညနေ (၅) နာရီလောက်မှာ ပြန်လွှတ်ပေးလိုက်တယ်။ ဆန္ဒပြတာ (၁၀) မိနစ်၊ (၁၅) မိနစ်လောက်ပဲ ကြာတာ။"

“ နောက်ဆုံး အနေနဲ့ ဘာများ ပြောချင်ပါသေးလဲ။“

“မမှန်တဲ့ အမိန့်ကို ကျနော် လက်မခံနိုင်ဘူး။ ကျနော်တို့ နိုင်ငံမှာက တရားဥပဒေက ငွေများတရားနိုင်ဆိုတာ ဖြစ်နေတယ်။ အဲဒါကို နိုင်ငံသား မရှိဆင်းရဲသားတွေ တော်တော် ဒုက္ခရောက်နေတယ်။ ကျနော်တို့ အမှန်တရားကို အရှုံးမပေးနိုင်ဘူး။ အမှန်တရားတွေကို ငွေနဲ့ အနိုင်ယူသွားသလို ဖြစ်နေတယ်။ အဲဒါကို ကျနော်တို့ နိုင်ငံသားတွေအနေနဲ့ တော်တော်ကို ဆုံးရှုံးနေပါတယ်။ အဲဒါကို လူကြီးတွေသိအောင် ကျနော် ပြောချင်ပါတယ်။”

အလားတူပင် ဇွန်လ (၂၄) ရက်နေ့တွင်လဲ ဒဂုံမြို့သစ်၌ ကိုမောင်ဦး ဆိုသူ တကိုယ်တော် ဆန္ဒပြ၍ ဖမ်းဆီးခံခဲ့ရပါသည် ။ ယင်းအကြောင်းကို မျက်မြင်တွေ့ရှိသူ တဦးမှ ယခုလို ပြောပြပါသည် ။ “ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်ပေ့ါနော် ။ (၆၀) ရပ်ကွက်မှာ နေထိုင်တဲ့ ကိုမောင်ဦး ပေ့ါ ။ သူက (၂၄) ရက်နေ့ နေ့ခင်း (၂) နာရီလောက်မှာ ကျန်စစ်သား လမ်းမပေါ်ကြီးမှာ သူတယောက်ထဲ ဆန္ဒပြနေတယ်၊ တကိုယ်တော်ပေ့ါ ။ သူ တောင်းဆိုတာက ဒေါ်အောင်ဆန်းစုကြည် ချစ်တယ်၊ ဒေါ်အောင်ဆန်းစုကြည်ကို မြတ်နိုးတယ်၊ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရင် ဒီတိုင်းပြည်ကြီး သာယာဝပြောမယ် ။ စပါးတွေကလဲ သုံးသီးစိုက် ပြီးတော့ ၊ အခု ကျနော်တို့တွေ ထမင်းငတ်နေပါပြီ ဆိုပြီးတော့ ကျန်စစ်သား လမ်းမကြီးပေါ်မှာ ခေါက်တုံ့ခေါက်ပြန် အော်ပြီးတော့ ဆန္ဒပြတယ် ။ ညနေ (၃) နာရီလောက် သူ့အိမ်ရှေ့ အရောက်မှာ ရယက တွေ ၊ မီးသတ်တွေက သူ့ကို လာပြီးတော့ ဖမ်းသွားတယ် ။ ဒီနေ့ သူ့ကို ရုံးတင်တယ်။”

ပြီးခဲ့သည့် မေလအတွင်း၌ ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေးနှင့် ကုန်ဈေးနှုန်း ကျဆင်းရေးအတွက် တကိုယ်တော် ဆန္ဒပြတောင်းဆိုခဲ့သူ (၃) ဦးအား အာဏာပိုင်များမှ ဆက်လက် ဖမ်းဆီးထားဆဲ ဖြစ်ပါသည် ။

**အစသို့**

---

## မဖြူဖြူသင်းအား ချက်ချင်းလွှတ်ပေးရန် အဖွဲ့ချုပ် ထပ်မံတောင်းဆို

*၂၈ ၊ ဇွန် ၊ ၂၀၀၇*

ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေး ဝတ်ပြုဆုတောင်းပွဲများအား ဦးဆောင်သူတဦးလဲဖြစ် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်များအား ကူညီ စောင့်ရှောက်ပေးနေသူလဲဖြစ်သည့် မဖြူဖြူသင်းအား အမြန်ပြန်လွှတ်ပေးရန် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ယနေ့ ထပ်မံတောင်းဆိုလိုက်ပါသည် ။ မဖြူဖြူသင်းသည် ယခုလ (၁၉) ရက်နေ့မှစ၍ အစာတော်ခံ ဆန္ဒပြနေရာမှ ယနေ့တွင် အရည်စသောက်နေပြီဟု ပြန်လွှတ်လာသူများမှ ပြောပါသည်။ ယခုလို (၁၀) ရက်နီးပါး အစာတော်ခံ ဆန္ဒပြထားသည့်အတွက် ၎င်း၏ကျန်းမာရေးအခြေနေအရ ပြန်လွှတ်မပေးသေးခြင်းဟု ယူဆရကြောင်း အဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးမြင့်သိန်းမှ ယခုလိုပြောပါသည် ။

“ကျန်းမာရေးက မူလအခံကတည်းက မကောင်းဘူး၊ အစာတော်ခံ ဆန္ဒပြထားတဲ့အတွက်ကြောင့် ကျန်းမာရေးချို့တဲ့နေတယ် ဆိုတဲ့အကြောင်း သိရတယ်။ အဲဒါကြောင့် ကျန်းမာရေး ဘက်ကဒေါင်းအရပေ့ါနော် ။ ကျန်းမာရေး ရှုဒေါင့်အရ လွှတ်မပေးဘူး အကြောင်းပြချက်အရ ဆိုရင်တော့ ဒါမမှန်ကန်ဘူး ။ ဘာလို့တုန်းဆိုတော့ ကျန်းမာရေး၊ သူ့မိသားစုကနေပြီးတော့ သူတို့ရဲ့ မျက်စိအောက်မှာ သူတို့ကိုယ်တိုင် ကုသလို့ရှိရင် ပိုမိုသင့်လျော်မယ်လို့ထင်တယ် ။ ထို့အတူ အမျိုးသမီးတယောက်ထဲ ဖြစ်နေတဲ့အတွက်ကြောင့် ဘယ်လိုပဲ လုံခြုံစိတ်ချပါတယ်လို့ ပြောပေမယ်လို့ကာ၊ ဒါ မိသားစုအနေနဲ့ စိတ်မချနိုင်သလို ကျနော်တို့ အဖွဲ့ချုပ်အနေနဲ့အားဖြင့်လဲ စိုးရိမ်ပူပန်မှုဖြစ်တယ် ။ ဒါကြောင့် သူ့ကို အမြန်ဆုံး ပြန်လွှတ်ပေးသင့်တယ်လို့ တောင်းဆိုပါတယ်။”

မဖြူဖြူသင်း ပြန်လွှတ်မလာသေးသည့်အပေါ် ၎င်း၏မိသားစုမှ အထူးစိုးရိမ်နေသည်ဟု့လဲ ဦးမြင့်သိန်းမှ ပြောပါသည် ။ ယနေ့ ပြန်လွှတ်ပေးသည့်အထဲတွင် ကုန်ဈေးနှုန်းကျဆင်းရေး တောင်းဆိုဆန္ဒပြ၍ အဖမ်းခံနေရ သူ (၇) ဦးထဲက (၄) ဦးလဲ ပါဝင်သည်ဟု သိရပါသည်။သို့ပေမဲ့ကိုထင်ကျော်အပါအဝင် ကျန်(၃) ဦးကိုတော့ အောင်သပြေစစ်ကျောရေးစခန်းတွင် ဆက်လက်ထိမ်းသိမ်းထားသည်ဟု ကိုမြင့်ရွှေမှ ယခုလို ပြောပြပါသည်။ “ကိုထင်ကျော် ကျန်တယ်၊ သိန်းအောင်မြင့်ကျန်တယ်၊ သန်းကျော်မြင့်ကျန်တယ်။ ကျန်တဲ့ (၄) ယောက်လွှတ်တယ်။ ကိုထင်ကျော်နဲ့ကလဲ သူတို့နဲ့ အတူတူထားတဲ့ အောင်သပြေမှာပဲပေ့ါနော်။ ကိုသိန်းအောင်မြင့်နဲ့သန်းကျော်နဲ့ နှစ်ယောက်က တခန်းပေ့ါ။ ကိုထင်ကျော်ကိုက သီးခြားအခန်းမှာ အကျယ်ချုပ်ထားတယ်လေ။ ဒါပါပဲ။”

ကိုထင်ကျော်နှင့်အတူ အဖမ်းခံနေရဆဲဖြစ်သည့် ကိုသန့်ဇော်မြင့် ၏ ဖခင်လဲဖြစ်၊ မနေ့ကမှ သံလျင်ကျောက်တန်း အမှတ် (၇) ရဲတပ်ရင်းမှ ပြန်လွှတ်လာသူလည်းဖြစ်သည့် ဦးတင်ယုကတော့ ၎င်း၏သားလွှတ်မြောက်ရေးအတွက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ စာရေးတောင်းဆိုမည်ဟု ပြောပါသည် ။

**အစသို့**

## ဒေါ်စုလွတ်မြောက်ရေး ဆုတောင်းပွဲလုပ်၍ ဖမ်းဆီးခံရသူ (၄၀) ကျော် ပြန်လည် လွတ်မြောက်

*၂၈ ၊ ဇွန် ၊ ၂၀၀၇*

နေအိမ် အကျယ်ချုပ် ဖမ်းဆီးခံနေရသည့် မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းမှုဖြင့် ဖမ်းဆီးခံနေရသူ (၅၃) ဦးထဲက (၄၆) ဦးကို ယနေ့ ပြန်လွှတ်ပေးလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးဝတ်ပြုဆုတောင်းပွဲအားဦးဆောင်ခဲ့သူ မစုစုနွေးမှ ၎င်းအပါအဝင် ပြန်လွှတ်လာသူများ အကြောင်း ယခုလို ပြောပြပါသည်။

"ဝတ်ပြုဆုတောင်းပွဲမှာ (၁၅) ရက်နေ့က ဖမ်းတဲ့လူတွေရယ် ။ နောက်ပိုင်းမှာ ဖမ်းတဲ့ သူတွေရယ် ၊ လွှတ်တယ်။ အဲဒီ (၁၅) ရက်နေ့မှာပါသွားတဲ့ သူတွေထဲက ပါတဲ့သူတွေနဲ့ နောက်မှပါတဲ့သူ (၆) ယောက်ကျန်သေးတာလေ ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေး အကျဉ်းသား အားလုံး လွတ်မြောက်ဖို့အတွက်ကို ခေါင်းစဉ်တခုထဲအောက်မှာ အဖမ်းခံရတဲ့ သူတွေ အားလုံးပေါင်း (၅၃) ယောက်အဖမ်းခံရတယ်။ ကျန်ခဲ့တဲ့သူက မဖြူဖြူသင်းရယ်၊ ကိုအေးနိုင်ရယ်၊ စောကျော်ကျော်မင်းရယ်၊ မြင့်ကျော်ဦးရယ်၊ ဖြိုးဝေလင်းရယ်၊ ကိုအေးလွင်ရယ်။"

၎င်းတို့အနေဖြင့် ယခု ပြန်လည်လွတ်မြောက်ရန်အတွက် ခံဝန်ချက်လက်မှတ် ရေးထိုးခဲ့ရသည်ဟု ပြောပြပါသည် ။ ပြန်လွှတ်လာသူများထဲမှ ကိုအိုးဝေမှ ဖမ်းဆီးခံရသည်နှင့်ပတ်သက်၍ ၎င်း၏ အမြင်ကို ယခုလို ပြောပြပါသည်။ "ကျနော်တို့က မြန်မာဓလေ့ ထုံးတမ်းစဉ်လာနဲ့အညီ ငြိမ်းချမ်းချောမွေ့သော ဝတ်ပြုဆုတောင်းရေးကို ကျင်းပလုပ်ခဲ့ပါတယ် ။ အဲဒီမှာ ကျနော်တို့ ဘာအပြစ်ရှိလဲ အကျိုးအကြောင်းမဲ့စွာ ဘာမှ မပြစ်မရှိပဲနဲ့ ကျနော်တို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့တယ်။ အဲဒါ နိုင်ငံတော်မှာ တာဝန်ရှိတဲ့ လူကြီးများအနေနဲ့ မိမိတို့ဟာ ဥပဒေကို ထိန်းသိမ်း စောင့်ရှောက်ရမဲ့ တာဝန်ရှိပါလျှက်နဲ့ ဥပဒေကို မလေးမစား မထေမဲ့မြင် ပြုခြင်းဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်မှာ ထိခိုက်စေပါတယ်။ အဲဒီလို လူမျိုးတွေက ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ရေးဆွဲနေတယ်ဆိုတော့ အဲဒီ ဖွဲ့စည်းပုံ အခြေခံဥပဒေ ကရော စစ်မှန်ပါ့မလား။"

ရဲလုံထိန်းတပ်ရင်း(၃) တွင်နေခဲ့ရသည့် ကိုအောင်ဒင်မှလဲ။ "ဩော် သက်ဆိုင်ရာကတော့ ဘာမှမပြောပါဘူး။ ကျနော်တို့ကိုတော့ အဲဒီ တပ်ရင်း (၃) ကို ရောက်သွားတော့ ကျနော်တို့ဟာ ဧည့်သည်လို ပြုစုတာပါတဲ့။ ကျနော်တို့ကို အဲလို ပြောတယ်ဗျ။ အဲဒီမှာ ကျနော်တို့က အစာတော်ခံ ဆန္ဒပြတယ်။ တနင်္ဂနွေနေ့က ကျနော်တို့ သုံးယောက်ပေ့ါ၊ ဆန္ဒပြတယ်၊ အဲဒီမှာ စောကျော်ကျော်မင်းကတော့ ကျနော်တို့ အခု ပြန်ပြီးလွှတ်လိုက်တဲ့ အခါကျတော့ စောကျော်ကျော်မင်းက နောက်ကားနဲ့ဆိုပြီးတော့ ပြန်မလာဘူး။ သူက အစာတော်ခံ ဆန္ဒပြတဲ့အထဲမှာ ပါတယ်။"

ဦးမြလှိုင်မှလဲ ယခုလို ပြောပြပါသည် ။ "ကျနော်အခု ကျနော်လွတ်လာတော့ ကျနော့်အစ်ကိုပါတယ်။ ကိုအေးလွင်၊ ကိုအေးလွင်က အဲဒီမှာ သူကလဲ လွတ်မလာသေးဘူး။ လွတ်မလာသေးတဲ့ အခါကျတော့ သူ့မိသားစု စားဝတ်နေရေးက တော်တော်ကို အကြပ်အတည်းရောက်နေတယ်။ ကလေးတွေကလဲ (၅) ယောက်ဖြစ်နေတယ်။ ကလေးတွေကလဲ ကျန်းမာရေးလဲ မကောင်းဘူးပေ့ါ။ သူ့ကို အမြန်ဆုံး လွှတ်ပေးစေချင်တယ်။"

(၁၇) နှစ် အရွယ်သာ ရှိသေးသည့် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်မှ ပထမနှစ် သင်္ချာကျောင်းသား ကိုရဲမြတ်ဟိန်းမှလဲ ယခုလို ဆိုပါသည် ။ "ကျနော်တို့ အန်တီစု လွတ်မြောက်ရေးအတွက် ဆုတောင်းတာကို သူက ဘာမှ မဟုတ်ပဲနဲ့ ဒီအတိုင်းကြီး ဖမ်းသွားတာ ။ ဇွတ်ကြီး ဖမ်းခေါ်သွားတာ ။ သူတို့ကတော့ သူတို့ကိုယ်သူတို့ ပြည်သူဆိုပြီးဖမ်းသွားတာ ခင်ဗျ ။ အမှန်က သူတို့က ပြည်သူမဟုတ်ဘူးခင်ဗျ ။ ဘာဖြစ်လို့လဲဆိုတော့ သိတဲ့လူတွေလဲ ပါတယ် ။ သူတို့ ဘယ်လို ရာထူးရာခံတွေလဲဆိုတာ ကျနော်တို့ကို အဲဒီနေ့က ကျိုက္ကဆံကို ခေါ်သွားတယ် ။ အဲဒီနေ့က ကျိုက္ကဆံကနေပြီးမှ လူတွေခွဲပြီး ရဲတပ်ရင်း (၄) ဆီပို့လိုက်တယ် ။ ကျနော်နဲ့ အတူတူနေတဲ့ (၉) ယောက်က တယောက်က ကျန်ခဲ့တယ် ၊ အဲဒီ ရဲတပ်ရင်း (၉) မှာပဲ။"

၎င်းသည် ကျောင်းနှစ်လပိတ်ထားသည့်အချိန်တွင်ဖမ်းဆီးထိန်းသိမ်းခံရခြင်းဖြစ်ပြီး ယခုကျောင်းဆက်တက်မည်ဟု ပြောဆိုပါသည်။ ယခုလို ပြန်လည် လွှတ်ပေးသည့် လူများအား ခံဝန်ချက်လက်မှတ် ရေးထိုးခိုင်းသည်မှာ တရားဥပဒေနှင့် မညီပါဘူးဟု ကိုရဲမြတ်ဟိန်း၏ ဖခင် ဦးခင်မောင်ချို မှပြောဆိုခဲ့ပါသည် ။

**အစသို့**